# မဟာမဲခေါင်ဒေသတွင်း ငှက်ဖျားရောဂါ ကင်းဝေးရေး အရှိန်အဟုန်မြှင့်တင်ရန် အဆင့်မြင့်အရာရှိကြီးများ စည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဂရန်းအမရာဟိုတယ်၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး (Regional Director) Dr. Poonam Khetrapal Singh၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Shin Young-Soo တို့ပါဝင်သော အဖွဲ့နှင့် အာရှ-ပစိဖိတ်ဒေသတွင်း ခေါင်းဆောင်များ၏ ငှက်ဖျားရောဂါတိုက်ဖျက်ရေး မိတ်ဖက်အဖွဲ့အစည်း (APLMA) မှ ဘုတ်အဖွဲ့ ဥက္ကဋ္ဌ Ms. Ruby Shang ပါဝင်သောအဖွဲ့တို့အား သီးခြားစီ လက်ခံတွေ့ဆုံသည်။

ယင်းနောက် နံနက် ၁၀ နာရီတွင် ယင်းဟိုတယ်၌ ပင် ၂၀၃၀ ပြည့်နှစ်တွင် မဟာမဲခေါင်ဒေသတွင်း ငှက်ဖျားရောဂါကင်းဝေးရေးအတွက် အရှိန်အဟုန်မြှင့်တင်ရန် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အာရှ-ပစိဖိတ်ဒေသတွင်း ခေါင်းဆောင်များ၏ ငှက်ဖျားရောဂါတိုက်ဖျက်ရေး မိတ်ဖက်အဖွဲ့အစည်း (APLMA)၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက မဟာမဲခေါင်ဒေသတွင်းတွင် လွန်ခဲ့သော ငါးနှစ်အတွင်း ငှက်ဖျားရောဂါဖြစ်ပွားမှုကို ၈၆ ရာခိုင်နှုန်းနှင့် ငှက်ဖျားရောဂါကြောင့် သေဆုံးနှုန်းကို ၉၁ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် အမျိုးသားငှက်ဖျားရောဂါကင်းဝေးရေး စီမံချက်ကို ရေးဆွဲပြီး လုပ်ငန်းများစတင်လျက်ရှိကာ စီမံချက်များကို စနစ်တကျလုပ်ဆောင်ရန် တိုက်တွန်းပြောကြားသည်။ ငှက်ဖျားရောဂါ လျော့နည်းကျဆင်းလာသော်လည်း ဝေးလံခက်ခဲသည့်နေရာများ၊ နယ်စပ်ဒေသများ၊ ရွှေ့ပြောင်းနေထိုင်ကြသည့် လူများတွင် ဖြစ်ပွားမှုရှိနေဆဲ ဖြစ်ပါသည်။

ငှက်ဖျားဆေးယဉ်ပါးမှုနှင့် အာတီမီဆီနင် ငှက်ဖျားဆေးပေါင်းကို ဆေးယဉ်ပါးမှုများသည်လည်း မဟာမဲခေါင်ဒေသကို ခြိမ်းခြောက်လျက်ရှိသည်။ အရည်အသွေးမပြည့်မီသည့် ငှက်ဖျားဆေးများ၊ ငှက်ဖျားဆေးဝါးအတုများအား အချို့နေရာများတွင် တွေ့ရှိနေရဆဲဖြစ်ကာ ငှက်ဖျားရောဂါကင်းဝေးစေရေး ဆောင်ရွက်ရာတွင် ငှက်ဖျားရောဂါပိုးသယ်ဆောင်သည့် ခြင်၏ သဘောသဘာဝ၊ ခြင်များ၏ ပိုးသတ်ဆေးယဉ်ပါးလာမှု၊ အပြုအမူပြောင်းလဲမှုများကိုလည်း အထူးအရေးပေးထည့်သွင်းလေ့လာရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ၊ အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ငှက်ဖျားရောဂါကင်းဝေးရေး ဆောင်ရွက်ရန် အသင့်ရှိနေကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ အာရှပစိဖိတ် ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ မဟာမဲခေါင်ဒေသတွင်း နိုင်ငံများမှ တာဝန်ရှိပုဂ္ဂိုလ်များက ၂၀၃၀ ပြည့်နှစ်တွင် မဟာမဲခေါင်ဒေသတွင်း ငှက်ဖျားရောဂါကင်းဝေးရေးအတွက် အပြန်အလှန်ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က မဟာမဲခေါင်ဒေသတွင်း နိုင်ငံများကိုယ်စား "Ministerial Call for Action to Eliminate Malaria in the Greater Mekong Subregion before 2030" အား ဖတ်ကြားသည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များက အသီးသီးထောက်ခံဆွေးနွေးကြပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဒေသဆိုင်ရာညွှန်ကြားရေးမှူး နှစ်ဦး၊ APLMA အဖွဲ့မှ ကိုယ်စားလှယ်၊ လူထုအခြေပြုအဖွဲ့အစည်းမှ ကိုယ်စားလှယ်၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်၊ USAID မှ ကိုယ်စားလှယ်၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်တို့က ပါဝင်ထောက်ခံဆွေးနွေးကြသည်။

ထို့နောက် "Ministerial Call for Action to Eliminate Malaria in the Greater Mekong Subregion before 2030" ကို အတည်ပြုခဲ့ပြီးနောက် သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

ညနေပိုင်းတွင် "ကမ္ဘာ့ရန်ပုံငွေအဖွဲ့ NFM-2 Grant Agreements (2018-2020)" သဘောတူလက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ HIV/AIDS ကာကွယ်ကုသရေးလုပ်ငန်းများအတွက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ ထောက်ပံ့ကူညီမည့် အမေရိကန်ဒေါ်လာ သန်း ၁၃၀ နှင့် TB ရောဂါကာကွယ်ကုသရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၉၄ သန်း ပံ့ပိုးပေးသွားမည့်အကြောင်းအရာအား သဘောတူလက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**